ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်တိုင်စကားပြောမည်ဟု ပြောလာသည့် ကိစ္စ၊ ဆက်ဆံရေးဝန်ကြီး ခန့်အပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံလာသည့် ကိစ္စများကို ကြည့်ပြီး တိုင်းပြည်အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည် ပွင့်လန်းလာတော့မည်ဟု မိမိတို့အနေဖြင့် မျှော်လင့်မိကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးများက အိတ်ဖွင့်ပေးစာတွင် ဖော်ပြထားသည်။ (Photo: AFP)

စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥဒေ အတည်ပြုနိုင်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပမယ်၊ နောက် ၂ နှစ်အကြာမှာ ရွေးကောက်ပွဲ ကျင်းပမယ် ဆိုတဲ့ကြေညာချက်နဲ့ ပတ်သက်လို့ မြန်မာလွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က မနေ့က ဖေဖော်ဝါရီလ ၂၀ ရက်နေ့စွဲနဲ့၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ အိတ်ဖွင့်ပေးစာတစောင် ပေးပို့လိုက်ပါတယ်။

ဒီပေးစာကို အစိုးရရဲ့ ကြေညာချက်အမှတ် ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ တို့နဲ့ စပ်လျဉ်း၍ အကြံပြုချက်များပေးပို့ခြင်း ဆိုတဲ့ခေါင်းစဉ်နဲ့ ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေ လက်မှတ်ထိုး ပေးပို့လိုက်တာပါ။

တိုင်းပြည်အကျိုးအတွက် မတူကွဲပြားတဲ့အင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာ ပူးပေါင်းဆောင်ရွက်ဖို့ မိမိတို့အနေနဲ့ စဉ်ဆက်မပြတ် မေတ္တာရပ်ခံပန်ကြားခဲ့ကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးတွေရဲ့ ပေးစာမှာ ဖော်ပြထားပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်နဲ့ ကိုယ်တိုင်စကားပြောမယ်လို့ ပြောလာတဲ့ကိစ္စ၊ ဆက်ဆံရေးဝန်ကြီး ခန့်အပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံလာတဲ့ကိစ္စတွေကို ကြည့်ပြီး တိုင်းပြည်အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည် ပွင့်လန်းလာတော့မလားလို့ မိမိတို့အနေနဲ့ မျှော်လင့်မိခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ မကြာသေးခင်က အစိုးရအနေနဲ့ ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲ ကျင်းပမယ်လို့ ကြေညာလိုက်တဲ့အခါမှာတော့ ဒီမိုကရေစီအင်အားစုတွေနဲ့ ပြည်သူလူထုအများစုကြီးရဲ့ မျှော်လင့်ချက်တွေကို ပစ်ပယ်၊ ငြင်းပယ်ပြီး၊ ကိုယ့်စိတ်တိုင်းကျ စီစဉ်ထားတဲ့အတိုင်း ဆောင်ရွက်တော့မယ်သဘောလို့ ယူဆရမှာ ဖြစ်တယ်လို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးစာမှာ ဖော်ပြထားပါတယ်။

တကယ်လို့ သူတို့ဝါရင့်နိုင်ငံရေးသမားကြီးတွေရဲ့ မေတ္တာရပ်ခံပန်ကြားချက်ကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေနဲ့ ထည့်သွင်း မစဉ်းစားပဲ ဆန္ဒခံယူပွဲလုပ်သွားမယ် ဆိုရင်တော့ တိုင်းပြည်နဲ့ လူထုအကျိုးကို ရှေးရှုတဲ့အနေနနဲ့ အစီစဉ်တချို့ စီမံဆောင်ရွက်ပေးဖို့အတွက်လဲ ဝါရင့်နိုင်ငံရေးသမားကြီးတွေက မေတ္တာရပ်ခံပန်ကြားပါတယ်။ ဒီထဲမှာ အခြေခံဥပဒေမူကြမ်းကို လူထုလေ့လာနိုင်အောင် အမြန်ဆုံး ဖြန့်ဝေပေးဖို့၊ မဲဆန္ဒရှင်စာရင်းကို စနစ်တကျ ပြုစုပေးဖို့တွေ တောင်းဆိုထားပါတယ်။

ပေးစာနိဂုံးမှာတော့ အစိုးရအနေနဲ့ မိမိတို့မျှော်လင့်ထားတဲ့ ရလဒ် ထွက်မလာဘူး ဆိုရင်လဲ၊ ဘယ်လို ဆက်လက် ဆောင်ရွက်မယ် ဆိုတာကို ကြိုတင်စဉ်းစား၊ ကြေညာထားသင့်ကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးတွေက အကြံပြုထားပါတယ်။

ဒီပေးစာကို ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သူ သခင်ချန်ထွန်းက ဖတ်ပြထားတာတွေကိုလည်း နားထောင်နိုင်ပါတယ်။

